# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက် ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီး မြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

( ဂ ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀.၆ ရာခိုင်နှုန်းမှ ၁၉.၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၇ ရာခိုင်နှုန်းမှ ၃၉.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၇ ရာခိုင်နှုန်းမှ ၄၀.၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

( င ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၉၀,၂၈၂.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

( စ ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇.၂၆ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂.၇၃ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်စျေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၂၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၈,၅၀၀.၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၂,၀၉၇,၁၈၇ မှ ကျပ် ၂,၂၈၄,၉၇၀ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသောအင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်း ဘဏ္ဍာနှစ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများ နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပူးတွဲ-၁

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀,၄၂၇,၅၁၇.၅** | **၂၂.၀** | **၂.၈** | **၂၀,၉၆၁,၉၃၃.၁** | **၂၁.၃** | **၂.၆** |
| | ၁ | လယ်ယာ | ၁၃,၂၃၇,၄၄၄.၃ | ၁၄.၂ | ၂.၇ | ၁၃,၅၃၃,၇၅၅.၁ | ၁၃.၇ | ၂.၂ |
| | ၂ | သားငါး | ၇,၁၂၆,၆၆၂.၉ | ၇.၇ | ၃.၂ | ၇,၃၇၁,၇၂၁.၃ | ၇.၅ | ၃.၄ |
| | ၃ | သစ်တော | ၆၃,၄၁၀.၃ | ၀.၁ | -၁၁.၈ | ၅၆,၄၅၆.၇ | ၀.၁ | -၁၁.၀ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၃,၅၂၄,၉၈၉.၆** | **၃၆.၁** | **၄.၄** | **၃၅,၇၁၉,၆၉၀.၈** | **၃၆.၂** | **၆.၅** |
| | ၁ | စွမ်းအင် | ၃,၀၉၄,၇၃၆.၈ | ၃.၃ | -၅.၃ | ၃,၁၀၅,၃၃၆.၈ | ၃.၁ | ၀.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၇၉,၇၁၁.၄ | ၁.၀ | -၃.၈ | ၈၉၈,၃၄၆.၃ | ၀.၉ | ၂.၁ |
| | ၃ | စက်မှုလက်မှု | ၂၂,၁၆၀,၅၈၈.၀ | ၂၃.၈ | ၅.၈ | ၂၃,၇၃၉,၄၆၂.၇ | ၂၄.၁ | ၇.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၄၅၆,၇၀၅.၁ | ၁.၆ | ၅.၆ | ၁,၆၄၁,၀၁၆.၆ | ၁.၇ | ၁၂.၇ |
| | ၅ | ဆောက်လုပ်မှု | ၅,၉၃၃,၂၄၈.၃ | ၆.၄ | ၅.၆ | ၆,၃၃၅,၅၂၈.၄ | ၆.၄ | ၆.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၉,၀၅၀,၁၄၈.၀** | **၄၁.၉** | **၅.၁** | **၄၁,၉၂၈,၇၀၄.၈** | **၄၂.၅** | **၇.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၂၂၁,၁၃၈.၃ | ၁၂.၁ | ၅.၀ | ၁၂,၁၁၂,၇၇၂.၆ | ၁၂.၃ | ၇.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၅၃၂,၃၃၁.၇ | ၂.၇ | ၉.၃ | ၂,၇၆၃,၇၇၂.၀ | ၂.၈ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၆.၀ | ၄၅၂,၃၅၀.၇ | ၀.၄ | ၈.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၂၈၂,၇၅၃.၆ | ၃.၅ | ၃.၅ | ၃,၄၀၇,၇၅၅.၄ | ၃.၅ | ၃.၈ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၈၉၉,၂၁၁.၆ | ၃.၁ | ၃.၄ | ၃,၁၇၀,၁၀၁.၂ | ၃.၂ | ၉.၃ |
| | ၆ | ကုန်သွယ်မှု | ၁၈,၆၉၈,၂၉၇.၅ | ၂၀.၁ | ၅.၂ | ၂၀,၀၂၁,၉၅၂.၉ | ၂၀.၃ | ၇.၁ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၃,၀၀၂,၆၅၅.၁** | **၁၀၀.၀** | **၄.၃** | **၉၈,၆၁၀,၃၂၈.၇** | **၁၀၀.၀** | **၆.၀** |

ပူးတွဲ-၂

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၃,၉၅၂,၅၀၇.၁** | **၅၈.၁** | **၃.၈** | **၅၆,၆၈၁,၆၂၃.၉** | **၅၇.၅** | **၅.၁** |
| | ၁ | လယ်ယာ | ၁၃,၂၃၇,၄၄၄.၃ | ၁၄.၂ | ၂.၇ | ၁၃,၅၃၃,၇၅၅.၁ | ၁၃.၇ | ၂.၂ |
| | ၂ | သားငါး | ၇,၁၂၆,၆၆၂.၉ | ၇.၇ | ၃.၂ | ၇,၃၇၁,၇၂၁.၃ | ၇.၅ | ၃.၄ |
| | ၃ | သစ်တော | ၆၃,၄၁၀.၃ | ၀.၁ | -၁၁.၈ | ၅၆,၄၅၆.၇ | ၀.၁ | -၁၁.၀ |
| | ၄ | စွမ်းအင် | ၃,၀၉၄,၇၃၆.၈ | ၃.၃ | -၅.၃ | ၃,၁၀၅,၃၃၆.၈ | ၃.၁ | ၀.၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၇၉,၇၁၁.၄ | ၁.၀ | -၃.၈ | ၈၉၈,၃၄၆.၃ | ၀.၉ | ၂.၁ |
| | ၆ | စက်မှုလက်မှု | ၂၂,၁၆၀,၅၈၈.၀ | ၂၃.၈ | ၅.၈ | ၂၃,၇၃၉,၄၆၂.၇ | ၂၄.၁ | ၇.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၄၅၆,၇၀၅.၁ | ၁.၆ | ၅.၆ | ၁,၆၄၁,၀၁၆.၆ | ၁.၇ | ၁၂.၇ |
| | ၈ | ဆောက်လုပ်မှု | ၅,၉၃၃,၂၄၈.၃ | ၆.၄ | ၅.၆ | ၆,၃၃၅,၅၂၈.၄ | ၆.၄ | ၆.၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၀,၃၅၁,၈၅၀.၅** | **၂၁.၈** | **၅.၀** | **၂၁,၉၀၆,၇၅၁.၉** | **၂၂.၂** | **၇.၆** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၂၂၁,၁၃၈.၃ | ၁၂.၁ | ၅.၀ | ၁၂,၁၁၂,၇၇၂.၆ | ၁၂.၃ | ၇.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၅၃၂,၃၃၁.၇ | ၂.၇ | ၉.၃ | ၂,၇၆၃,၇၇၂.၀ | ၂.၈ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၆.၀ | ၄၅၂,၃၅၀.၇ | ၀.၄ | ၈.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၂၈၂,၇၅၃.၆ | ၃.၅ | ၃.၅ | ၃,၄၀၇,၇၅၅.၄ | ၃.၅ | ၃.၈ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၈၉၉,၂၁၁.၆ | ၃.၁ | ၃.၄ | ၃,၁၇၀,၁၀၁.၂ | ၃.၂ | ၉.၃ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၈,၆၉၈,၂၉၇.၅** | **၂၀.၁** | **၅.၂** | **၂၀,၀၂၁,၉၅၂.၉** | **၂၀.၃** | **၇.၁** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၃,၀၀၂,၆၅၅.၁** | **၁၀၀.၀** | **၄.၃** | **၉၈,၆၁၀,၃၂၈.၇** | **၁၀၀.၀** | **၆.၀** |

ပူးတွဲ-၃

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
# စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၈၂၆,၄၃၁.၁ | ၂.၀ | ၂.၀ | ၁,၉၀၉,၇၅၄.၇ | ၁.၉ | ၄.၆ |
| ၂ | ကယားပြည်နယ် | ၃၁၀,၆၀၆.၆ | ၀.၃ | ၄.၁ | ၃၂၈,၂၂၈.၀ | ၀.၃ | ၅.၇ |
| ၃ | ကရင်ပြည်နယ် | ၁,၆၇၉,၉၂၂.၆ | ၁.၈ | ၄.၉ | ၁,၇၆၃,၂၇၅.၂ | ၁.၈ | ၅.၀ |
| ၄ | ချင်းပြည်နယ် | ၃၄၁,၃၈၉.၀ | ၀.၄ | ၅.၇ | ၃၅၅,၀၈၃.၁ | ၀.၄ | ၄.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၉၆၃,၃၇၄.၆ | ၁၁.၈ | ၅.၈ | ၁၁,၇၅၄,၁၃၀.၄ | ၁၁.၉ | ၇.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၃၀,၁၈၆.၈ | ၄.၀ | ၀.၅ | ၃,၈၄၀,၆၁၁.၅ | ၃.၉ | ၃.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၆၁၃,၁၄၂.၀ | ၈.၂ | ၅.၆ | ၈,၀၇၅,၀၆၀.၄ | ၈.၂ | ၆.၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၁၂၄,၀၉၂.၉ | ၇.၇ | ၄.၇ | ၇,၆၇၀,၁၇၁.၈ | ၇.၈ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၇၅၂,၇၇၅.၅ | ၁၀.၅ | ၁.၇ | ၁၀,၁၉၈,၇၂၉.၀ | ၁၀.၄ | ၄.၆ |
| ၁၀ | မွန်ပြည်နယ် | ၃,၇၇၇,၃၄၈.၈ | ၄.၁ | ၄.၈ | ၃,၉၉၀,၂၃၀.၁ | ၄.၀ | ၅.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၉၀၇,၁၂၁.၆ | ၄.၂ | ၀.၇ | ၄,၀၈၂,၁၁၇.၆ | ၄.၁ | ၄.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃,၄၈၂,၄၅၉.၀ | ၂၅.၂ | ၅.၇ | ၂၅,၂၂၃,၁၀၇.၆ | ၂၅.၆ | ၇.၄ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၄၅၁,၂၄၀.၇ | ၅.၉ | ၄.၉ | ၅,၇၁၇,၅၉၀.၀ | ၅.၈ | ၄.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၀၂၀,၉၂၆.၆ | ၁၁.၈ | ၃.၂ | ၁၁,၅၃၄,၈၇၄.၆ | ၁၁.၇ | ၄.၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၂၁,၆၃၇.၃ | ၂.၁ | ၆.၉ | ၂,၁၆၇,၃၆၄.၇ | ၂.၂ | ၇.၂ |

ပူးတွဲ-၄

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၃,၆၁၈,၄၂၃.၆** | **၂၀.၆** | **၂၄,၉၆၄,၁၇၅.၈** | **၁၉.၈** | **၅.၇** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈.၀ | ၁၃.၁ | ၁၅,၅၂၄,၈၆၅.၇ | ၁၂.၃ | ၃.၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃.၂ | ၇.၄ | ၉,၃၆၈,၅၇၀.၈ | ၇.၄ | ၉.၄ |
| | ၃ | သစ်တော | ၇၈,၇၃၂.၄ | ၀.၁ | ၇၀,၇၃၉.၃ | ၀.၁ | -၁၀.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၄,၂၇၉,၂၄၃.၈** | **၃၈.၇** | **၄၉,၃၇၂,၅၄၅.၆** | **၃၉.၃** | **၁၁.၅** |
| | ၁ | စွမ်းအင် | ၄,၆၀၅,၄၀၄.၀ | ၄.၀ | ၄,၇၁၂,၀၀၉.၇ | ၃.၈ | ၂.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇.၄ | ၀.၉ | ၁,၀၄၈,၁၈၆.၂ | ၀.၈ | ၅.၀ |
| | ၃ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃.၈ | ၂၅.၅ | ၃၂,၈၃၀,၉၂၂.၃ | ၂၆.၁ | ၁၂.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁.၁ | ၁.၈ | ၂,၃၈၄,၄၀၅.၄ | ၁.၉ | ၁၆.၅ |
| | ၅ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇.၅ | ၆.၅ | ၈,၃၉၇,၀၂၂.၀ | ၆.၇ | ၁၂.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၆,၅၆၄,၆၉၅.၇** | **၄၀.၇** | **၅၁,၄၆၆,၈၆၁.၉** | **၄၀.၉** | **၁၀.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄.၄ | ၁၁.၁ | ၁၃,၈၀၃,၄၅၇.၁ | ၁၁.၀ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃.၆ | ၂.၀ | ၂,၃၉၆,၉၂၆.၈ | ၁.၉ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၄၄၈,၁၂၇.၄ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂.၀ | ၃.၁ | ၃,၇၂၀,၈၁၄.၆ | ၃.၀ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂.၉ | ၃.၂ | ၄,၂၈၅,၀၁၁.၅ | ၃.၄ | ၁၅.၆ |
| | ၆ | ကုန်သွယ်မှု | ၂၃,၉၆၅,၅၀၇.၅ | ၂၀.၉ | ၂၆,၈၁၂,၅၂၄.၅ | ၂၁.၃ | ၁၁.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၃.၁** | **၁၀၀.၀** | **၁၂၅,၈၀၃,၅၈၃.၃** | **၁၀၀.၀** | **၉.၉** |

ပူးတွဲ-၅

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
# ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၇,၈၉၇,၆၆၇.၄** | **၅၉.၃** | **၇၄,၃၃၆,၇၂၁.၄** | **၅၉.၁** | **၉.၅** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈.၀ | ၁၃.၁ | ၁၅,၅၂၄,၈၆၅.၇ | ၁၂.၃ | ၃.၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃.၂ | ၇.၄ | ၉,၃၆၈,၅၇၀.၈ | ၇.၄ | ၉.၄ |
| | ၃ | သစ်တော | ၇၈,၇၃၂.၄ | ၀.၁ | ၇၀,၇၃၉.၃ | ၀.၁ | -၁၀.၂ |
| | ၄ | စွမ်းအင် | ၄,၆၀၅,၄၀၄.၀ | ၄.၀ | ၄,၇၁၂,၀၀၉.၇ | ၃.၈ | ၂.၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇.၄ | ၀.၉ | ၁,၀၄၈,၁၈၆.၂ | ၀.၈ | ၅.၀ |
| | ၆ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃.၈ | ၂၅.၅ | ၃၂,၈၃၀,၉၂၂.၃ | ၂၆.၁ | ၁၂.၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁.၁ | ၁.၈ | ၂,၃၈၄,၄၀၅.၄ | ၁.၉ | ၁၆.၅ |
| | ၈ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇.၅ | ၆.၅ | ၈,၃၉၇,၀၂၂.၀ | ၆.၇ | ၁၂.၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၂,၅၉၉,၁၈၈.၂** | **၁၉.၈** | **၂၄,၆၅၄,၃၃၇.၄** | **၁၉.၆** | **၉.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄.၄ | ၁၁.၁ | ၁၃,၈၀၃,၄၅၇.၁ | ၁၁.၀ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃.၆ | ၂.၀ | ၂,၃၉၆,၉၂၆.၈ | ၁.၉ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၄၄၈,၁၂၇.၄ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂.၀ | ၃.၁ | ၃,၇၂၀,၈၁၄.၆ | ၃.၀ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂.၉ | ၃.၂ | ၄,၂၈၅,၀၁၁.၅ | ၃.၄ | ၁၅.၆ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၃,၉၆၅,၅၀၇.၅** | **၂၀.၉** | **၂၆,၈၁၂,၅၂၄.၅** | **၂၁.၃** | **၁၁.၉** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၃.၁** | **၁၀၀.၀** | **၁၂၅,၈၀၃,၅၈၃.၃** | **၁၀၀.၀** | **၉.၉** |

ပူးတွဲ-၆

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၁၆၆,၃၆၇.၁ | ၁.၉ | ၂,၃၃၄,၀၀၆.၅ | ၁.၉ | ၇.၇ |
| ၂ | ကယားပြည်နယ် | ၃၆၉,၂၆၀.၇ | ၀.၃ | ၄၀၄,၂၁၁.၈ | ၀.၃ | ၉.၅ |
| ၃ | ကရင်ပြည်နယ် | ၂,၀၄၁,၄၅၄.၀ | ၁.၈ | ၂,၂၀၂,၂၃၀.၈ | ၁.၇ | ၇.၉ |
| ၄ | ချင်းပြည်နယ် | ၄၁၂,၂၂၇.၆ | ၀.၄ | ၄၄၄,၈၈၁.၅ | ၀.၄ | ၇.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃,၄၅၂,၁၄၉.၆ | ၁၁.၇ | ၁၅,၀၁၇,၂၃၃.၀ | ၁၁.၉ | ၁၁.၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄,၅၇၂,၄၇၈.၇ | ၄.၀ | ၄,၈၈၁,၆၇၃.၆ | ၃.၉ | ၆.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၁၁၁,၉၈၂.၂ | ၈.၀ | ၁၀,၀၁၃,၅၉၅.၂ | ၈.၀ | ၉.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၆၅၆,၀၀၆.၁ | ၇.၆ | ၉,၆၇၃,၂၄၂.၈ | ၇.၇ | ၁၁.၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၈၉၉,၂၀၆.၁ | ၁၀.၄ | ၁၂,၈၉၄,၂၆၀.၆ | ၁၀.၂ | ၈.၄ |
| ၁၀ | မွန်ပြည်နယ် | ၄,၅၉၇,၅၂၄.၄ | ၄.၀ | ၄,၉၈၄,၅၉၀.၃ | ၄.၀ | ၈.၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၇၇၈,၂၅၇.၄ | ၄.၂ | ၅,၁၀၀,၄၂၀.၇ | ၄.၀ | ၆.၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၉,၆၇၅,၉၁၄.၀ | ၂၅.၉ | ၃၃,၂၁၇,၈၈၇.၅ | ၂၆.၄ | ၁၁.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၆,၅၇၉,၉၇၂.၃ | ၅.၇ | ၇,၁၄၄,၆၅၁.၄ | ၅.၇ | ၈.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၃,၈၂၈,၂၇၄.၁ | ၁၂.၁ | ၁၄,၉၃၂,၄၆၉.၆ | ၁၁.၉ | ၈.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၃၂၁,၂၈၈.၈ | ၂.၀ | ၂,၅၅၈,၂၂၈.၀ | ၂.၀ | ၁၀.၂ |

ပူးတွဲ-၇

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၁၀,၃၉၅,၃၁၅.၃ | ၃၀.၁၇ | ၁၀,၁၅၃,၄၄၁.၅ | ၂၇.၂၆ |
| ၂ | သမဝါယမပိုင် | ၄,၃၁၇.၃ | ၀.၀၁ | ၄,၄၀၂.၄ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄,၀၆၀,၇၃၂.၆ | ၆၉.၈၂ | ၂၇,၀၉၆,၁၆၀.၇ | ၇၂.၇၃ |
| | **စုစုပေါင်း** | **၃၄,၄၆၀,၃၆၅.၂** | **၁၀၀.၀၀** | **၃၇,၂၅၄,၀၀၄.၆** | **၁၀၀.၀၀** |